# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ဒသမနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၇၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၅၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၇၇ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၇ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ခွင့် ၂ ရက်၊

(၂) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၃) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၃ ရက်၊

(၄) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံးခွင့် ၅ ရက်၊

(၅) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၄ ရက်၊

(၆) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း ခွင့် ၅ ရက်၊

(၇) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၅ ရက်၊

(၈) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၉) မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ခွင့် ၁ ရက်၊

(၁၀) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၈ ရက်၊

(၁၁) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၁၂) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၅ ရက်၊

(၁၃) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊

(၁၄) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၅ ရက်၊

(၁၅) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၁၆) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ခွင့် ၁ ရက်၊

(၁၇) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၅ ရက်၊

(၁၈) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၃ ရက်၊

(၁၉) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၂၀) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၃ ရက်၊

(၂၁) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၂၂) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၅ ရက်၊

(၂၃) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊

(၂၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် ခွင့် ၃ ရက်၊

(၂၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်အောင်ကျော် ခွင့် ၃ ရက်၊

(၂၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၃ ရက်၊

(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲမြင့်လွင် ခွင့် ၁ ရက်၊

(၂၈) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

**မူကြမ်း**

(၂၉) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၅ ရက်၊

(၃၀) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည် ခွင့် ၂ ရက်၊

(၃၁) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊

(၃၂) လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ခွင့် ၁ ရက်၊

(၃၃) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၁ ရက်၊

(၃၄) သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၃ ရက်၊

(၃၅) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊

(၃၆) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်နှင့်

(၃၇) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြား သူ ၁၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူလတန်းပြနှင့် အလယ်တန်းပြဆရာဆရာမများကို ရာထူးတစ်ခုတွင် လုပ်သက် (၂)နှစ်ပြည့်ပြီး အသက် (၅၉)နှစ်ပြည့်ပြီးပါက ဂုဏ်ထူးဆောင်ရာထူးတိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိန်ဟန်(ကံမမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဟန် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ပညာရေးဌာနနှင့် ပတ်သက်တဲ့ ပညာရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ကြတဲ့ မူလတန်းပြ၊ အလယ်တန်းပြဆရာဆရာများ လုပ်သက်(၂)နှစ်ပြည့်ပြီး အသက်(၅၉)နှစ်ပြည့်ပြီးသူများကို ဂုဏ်ထူးဆောင်ရာထူးတိုးမြှင့်ပေးဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ လူသားအရင်းအမြစ်ဟာ အဓိကဖြစ်ပါတယ်။ ဒီလူသားအရင်းအမြစ်ကို ထုတ်လုပ်ပေးတဲ့ဌာနကတော့ ပညာရေးဌာနပဲဖြစ်ပါတယ်။ နိုင်ငံ့ခေါင်းဆောင်ကအစ အောက်ခြေအဆင့်ဆင့်တာဝန်ထမ်းဆောင်နေကြသောနိုင်ငံ့ဝန်ထမ်းအားလုံးသည် ပညာရေးဝန်ကြီးဌာနကပဲ မွေးထုတ်ပေးလိုက်သော လူသားအရင်းအမြစ်တွေဖြစ်ပါတယ်။ ဒီလူသားအရင်းအမြစ်တွေကိုထုတ်လုပ်ပေးတဲ့ ပညာရေးဌာနမှာ တာဝန်ထမ်းဆောင်ကြတဲ့ ဆရာဆရာမတွေ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာနှင့် ထမ်းဆောင်ခဲ့ကြတယ်လို့ ပြောသလို စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ဂရုဏာ၊ အကြင်နာဆိုပြီးတော့ နာငါးနာနှင့် နှစ်(၆၀)ပြည့်သည့်တိုင်အောင် ဦးဆွေးဆံမြည့် တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ ကျွန်တော်တို့ ဆရာဆရာတွေက တပည့်မရှားတစ်ပြားမရှိ ပီတိစားအားရှိရတဲ့ဘဝနဲ့ နှစ်(၆၀)ပြည့်အောင် တာဝန်ထမ်းဆောင်ခဲ့တာဟာ ပြီးခဲ့တဲ့အပတ်ကပဲ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ဆရာ

ဆရာမများဟာ ပီတိစားအားရှိရုံတင်မဖြစ်ပါဘူး။ သူတို့ရဲ့စားဝတ်နေရေးပြေလည်အောင် ဆောင်ကြဉ်းဖို့လိုအပ်ပါတယ်လို့ မိန့်ကြားသွားတာကို ကြားသိရပါတယ်။ ဒါကြောင့် တပည့်မရှားတစ်ပြားမရှိ ပီတိစားအားရှိပြီးတော့ တာဝန်ထမ်းဆောင်သွားတဲ့ဆရာ ဆရာတွေကို နိုင်ငံတော်က ထပ်မံပြီးတော့ ဘာပေးလဲဆိုတော့ ဂုဏ်ထူးဆောင်ရာထူးဆိုပြီးတော့ တိုးပေးခဲ့ပါတယ်။ အဲဒါကတော့ မူလတန်းပြကနေ ဂုဏ်ထူးဆောင်အလယ်တန်းပြ၊ အလယ်တန်းပြကနေ ဂုဏ်ထူးဆောင်အထက်တန်းပြဆိုပြီးတော့ ရာထူးတိုးပေးခဲ့ပါတယ်။

ပညာရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်တဲ့ဆရာ ဆရာမတွေက ဒီရာထူးကို အင်မတန်မှ တန်ဖိုးထား၊ လေးစားအားထားပါတယ်။ ဒီရာထူးဟာ ငွေကြေးအရမဟုတ်ပါဘူး။ မူလတန်းပြကနေ အလယ်တန်းပြ၊ အလယ်တန်းပြကနေ အထက်တန်းပြရာထူးလေးတိုးပေးတာနဲ့ ဆရာ ဆရာမ တွေက အရမ်းပဲ ပီတိဖြစ်ခဲ့ရပါတယ်။ သို့သော် ဒီရာထူးကို ၂၀၁၅ ခုနှစ်နောက်ပိုင်း တိုးပေးခြင်းမရှိတော့ဘူးဆိုပြီးတော့ လေ့လာတွေ့ရှိရပါတယ်။ သို့ပါ၍ ဒီဂုဏ်ထူးဆောင်ရာထူးကို ရှေ့အစဉ်အလာမပျက် ဆက်လက်တိုးပေးသင့်ကြောင်း တိုက်တွန်းလိုပါတယ်။ ဂုဏ်ထူးဆောင်ရာထူးတိုးပေးခြင်းအားဖြင့် မူလတန်းပြနှင့် အလယ်တန်းပြဆရာဆရာမ နှစ်ဆင့် သို့မဟုတ် လေးဆင့်ရှိတယ်လို့ပြောပါတယ်။ သို့သော် ကျန်တာတွေ ကျွန်တော်မပြောတော့ပါဘူး။ သို့ပါ၍ ကျွန်တော် မေးလိုတဲ့မေးခွန်းက ရာထူးတစ်ခုမှာ လုပ်သက်(၂)နှစ်ပြည့်ပြီး အသက်(၅၉)နှစ်ပြည့်ပြီးပါက မူလတန်းပြနှင့် အလယ်တန်းပြဆရာဆရာမများကို ဂုဏ်ထူးဆောင်ရာထူးတိုးပေးဖို့ အစီအစဉ်ရှိ/မရှိ သိလိုပါ၍ ဒီရာထူးကို အလွန်အင်မတန်မှ မျှော်လင့်နေသော တစ်နိုင်ငံလုံးရှိ မူလတန်းပြနှင့် အလယ်တန်းပြဆရာဆရာမများ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီးက မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဟန်ရဲ့ မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါ

တယ်။ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဟန်ရဲ့ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခင် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်ကာလများအထိ တိုးမြှင့်လစာခံစားခွင့်ကို အောက်ဖော်ပြပါအတိုင်း ခံစားခွင့်ပြုခဲ့ပါတယ်။ (က)လုပ်သက်ရမှတ် ၆၃.၁၂ အထက်ရှိသူ မူလတန်းကျောင်းအုပ်ကြီးများကို ပညာရှင်အဆင့်(၃) အထက်တန်းပြရာထူးနှင့်တူညီသော လစာနှုန်းသို့လည်းကောင်း၊ (ခ)Scholarship ပညာသင်ဆုရရှိသော ကျောင်းမှ မူလတန်းကျောင်းအုပ်ကြီးများကို ပညာရှင်အဆင့်(၃) အထက်တန်းပြရာထူးနှင့်တူညီသော လစာနှုန်းသို့လည်းကောင်း၊ (ဂ) ပညာရေးဘွဲ့(B.Ed) ရရှိပြီးသော မူလတန်းကျောင်းအုပ်ကြီးများကို ပညာရှင်အဆင့်(၃) လစာနှုန်းသို့လည်းကောင်း၊ (ဃ) အသက်(၅၉)နှစ်ပြည့်ပြီးသော မူလတန်းကျောင်းအုပ်ကြီးများကို ပညာရှင်အဆင့်(၃) လစာနှုန်းသို့လည်းကောင်း၊ (င)အသက်(၅၉)နှစ်ပြည့်ပြီးသော အလယ်တန်းပြ လုပ်သက်(၂)နှစ်ပြည့်ရှိသူ အလယ်တန်းပြဆရာ ဆရာမများကို ပညာရှင်အဆင့်(၃) လစာနှုန်းသို့လည်းကောင်း၊ (စ) အသက်(၅၉)နှစ်ပြည့်ပြီးသော မူလတန်းပြဆရာ ဆရာမများကို ပညာရှင်အဆင့်(၂) အလယ်တန်းပြရာထူးနှင့်တူညီသော လစာနှုန်းသို့လည်းကောင်း တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါတယ်။

ယခု အစိုးရသစ်လက်ထက်တွင် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ အရည်အသွေးမြင့်မားရေးနှင့် လူမှုဘဝဖူလုံရေးတို့အတွက် ရေရှည်တည်တံ့မည့်အစီအစဉ်များ ချမှတ်နိုင်ရန် ပညာရေးဝန်ထမ်းများအတွင်း လေ့လာဆန်းစစ်မှုများ ဆွေးနွေးပွဲများကို အောက်ဖော်ပြပါအတိုင်း စဉ်ဆက်မပြတ်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ (က)၂၀၁၆ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့တို့တွင် အဆင့်မြင့်ပညာကဏ္ဍနှီးနှောဖလှယ်ပွဲ၊ (ခ)၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍညှိနှိုင်းဆွေးနွေးပွဲ၊ (ဂ)၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့တို့တွင် နည်းပညာနှင့် သက်မွေးပညာကဏ္ဍညှိနှိုင်းဆွေးနွေးပွဲ၊ (ဃ)၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့နှင့် ၂၂ ရက်နေ့တို့တွင် အခြေခံပညာကဏ္ဍညှိနှိုင်းဆွေးနွေးပွဲ၊ (င)၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှ ၅ ရက်နေ့တို့တွင် ဆရာအတတ်ပညာကဏ္ဍညှိနှိုင်းဆွေးနွေးပွဲတို့ကို ကျင်းပခဲ့ပါတယ်။ ဒါကြောင့် မူလတန်းပညာရေးအဆင့်အတွင်း၊ အလယ်တန်းပညာရေးအဆင့်အတွင်း၊ အထက်တန်းပညာရေးအဆင့်အတွင်း ရင့်ကျက်သော၊ အတွေ့အကြုံရှိသော၊ အရည်အသွေးပြည့်ဝသော ဆရာဆရာမများဖြင့် အရည်အသွေးမြင့်ပညာရေး Quality Education ကို အကောင်အထည်

ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပိုမိုကောင်းမွန်သည့် ရာထူးတိုးမြှင့်ရေးအစီအစဉ်များ ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။

**ယခင်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ယခုပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆရာဆရာမ ဝန်ထမ်းများ၏ ရာထူးတိုးမညီမျှမှုများ/ ကြန့်ကြာနေမှုများ/ ရာထူးတိုးနစ်နာမှုများရှိပါက မည်သို့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ရေစကြိုမဲဆန္ဒနယ်မှ ဒေါက်တာတင်ဌေးအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာတင်ဌေးအောင်(ရေစကြိုမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်ရောစိတ်ပါကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပို့သလျက် လေးစားစွာနှုတ်ဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရေစကြိုမဲဆန္ဒနယ်က ဒေါက်တာတင်ဌေးအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ နိုင်ငံ့ဝန်ထမ်းများ ရာထူးတိုးတာနှင့် ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ဝန်ထမ်း များရဲ့ ရာထူးတိုးမြှင့်ရေးကိစ္စနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာကျောင်းအလိုက် သတ်မှတ်ချက်များနှင့်အညီ တင်ပြရန်ဆိုပြီးတော့ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်မှာ စာအမှတ်၊ သပန/၂၉(၁)/၂၀၁၅(၁၃၂၀၃)ဖြင့်လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှာ စာအမှတ်၊ စမပ/ဝထ-၂/၂၀၈/၂၀၁၅(၁၅၉၂)ဖြင့်လည်းကောင်း ညွှန်ကြားဆောင်ရွက်ခဲ့ပေမယ့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအရ တိုးမြှင့်ခံစားသင့်သူများ ကြန့်ကြာနေကြဆဲဖြစ်တယ်လို့ သိရှိရပါတယ်ခင်ဗျား။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့က ပြင်ဆင်ထုတ်ပြန်ခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ တို့အရလည်း လုပ်သက်ဆိုင်ရာ ရာထူးတိုးမြှင့်ပေးခြင်းတို့မှာ အားနည်းနေတယ်လို့ သိရှိရပါတယ်။ လုပ်သက်နှင့် ရာထူးတိုးမြှင့်ခြင်းတို့ဟာ ဝန်ထမ်းတို့ရဲ့ဘဝမျှော်လင့်ချက်များဖြစ်သည်သာမက တာဝန်ယူမှု၊ တာဝန်ခံမှုမြင့်မားစေလျက် နိုင်ငံ့ရဲ့တာဝန်ထမ်းဆောင်မှုများကိုလည်း ပိုမိုထိရောက်အောင်မြင်စေမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ နိုင်ငံတော်ရဲ့ အပြောင်းအလဲကောင်းတို့ကို ဦးတည်ကြိုးပမ်းနေကြတဲ့ ပြည်သူ့အစိုးရတစ်ရပ် ပေါ်ပေါက်နေပြီဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ဝန်ထမ်းများအပေါ်မှာ ကောင်းမွန်မှန်ကန်စွာ စောင့်ရှောက်မှုများပေးရန်လိုအပ်တယ်လို့

ယုံကြည်မိပါတယ်။ ဒါကြောင့် ဆရာဆရာမများ၊ ဝန်ထမ်းများရဲ့ ရာထူးတိုးမညီမျှမှုများ၊ ကြန့်ကြာနေမှုများ၊ ရာထူးတိုးနစ်နာမှုများရှိပါက မည်သို့ပြုပြင်စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါသနည်း မေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး ၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရေစကြိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ဌေးအောင်ရဲ့မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ယခင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများ၊ သုတေသနဌာနများမှ ဝန်ထမ်းများအားလုံး၏ ရာထူးတိုးမြှင့်ပေးခြင်းအား ထိုဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ နှစ်စဉ်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းများ ရာထူးတိုးအတွက် ချမှတ်ထားသော မူဝါဒများနှင့်အညီ ဝန်ထမ်းစုစုပေါင်း ၂၀၀၇ ဦးအား ရာထူးတိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယခင်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ ရာထူးတိုးပေးခြင်းကိစ္စရပ်များအတွက် ဝန်ကြီးဌာနတွင် ကျင့်သုံးနေသောမူဝါဒများမှ လက်ရှိရာထူးလုပ်သက်သတ်မှတ်ချက်များအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ ၂၃-၇-၂၀၁၅ ရက်စွဲပါစာအမှတ်၊ စမပ/ဝထ-၂/၂၁၀/၂၀၁၅(၁၉၂)စာဖြင့် ကထိကရာထူးသို့ တိုးမြှင့်ပေးနိုင်ရန် လက်ရှိရာထူးလုပ်သက်သုံးနှစ်ရှိပြီးသူများအား စုစည်းဆောင်ရွက်ခဲ့ပါတယ်။ သို့သော် ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအင်အား၊ ခွင့်ပြုဘဏ္ဍာငွေရရှိမှုအခြေအနေများအရ ၂၀၁၅ ခုနှစ်အတွင်း ရာထူးလုပ်သက်ငါးနှစ်နှင့်အထက်ရှိသူ ၅၃၄ ဦးအား တစ်ဆင့်မြှင့်ရာထူးဖြစ်သော ကထိကရာထူးသို့ တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပညာရေးဝန်ကြီးဌာနအဖြစ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနကို ပူးပေါင်းပြီး ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ပြင်ဆင်ဖွဲ့စည်းခဲ့မှုနှင့်အတူ ဝန်ကြီးဌာန နှစ်ခု၏ မူဝါဒများတစ်ပြေးညီဖြစ်စေရေးအတွက် ကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ရာထူးပြောင်းရွှေ့ခြင်း၊

ရာထူးတိုးမြှင့်ခြင်းတို့ကို ညှိနှိုင်းရေးဆွဲပြီး ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်ရပ်ကွက်ရှိ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်း သို့မဟုတ် သင်တန်းကျောင်း ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ကျွန်တော်ဒေါက်တာသန်းဝင်း မေးမယ့်မေးခွန်းကတော့ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီရပ်ကွက်မှာရှိတဲ့ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်းနှင့် ပတ်သက်တဲ့မေးခွန်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်ရပ်ကွက်၊ ဓမ္မသုခလမ်းမှာရှိတဲ့ အစိုးရစက်မှုလက်မှု အထက်တန်းကျောင်းကို ၁၉၉၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါကျောင်းရဲ့အကျယ်အဝန်းကတော့ ၇၀၀ ပေ x ၅၀၀ ပေခန့်ရှိပြီးတော့ အုပ်ချုပ်ရေးဆောင်၊ စာသင်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများ ရှိပါတယ်။ ၂၀၀၈ ခုနှစ်မှာ ကျရောက်ခဲ့တဲ့ နာဂစ်မုန်တိုင်းပြီးတဲ့နောက် ၂၀၀၉ ခုနှစ် ဇူလိုင်လမှာ အဆိုပါကျောင်းအား ရပ်နားခဲ့ပါတယ်။ ယခုအခါ ယင်းသင်တန်းကျောင်းမှာ မြက်ပင်၊ ချုံနွယ်များအကြားမှာ ပြုပြင်ထိန်းသိမ်းခြင်းကင်းမဲ့သဖြင့် အဆောက်အဦများမှာ ပျက်စီးဆုံးရှုံးမှုအန္တရာယ်များ ရှိလာပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမယ့်မေးခွန်းကတော့ (က) မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်ရပ်ကွက်၊ ဓမ္မသုခလမ်းမှာရှိသော အစိုးရစက်မှုလက်မှုအထက်တန်းကျောင်း သို့မဟုတ် သင်တန်းကျောင်းကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ (ခ) အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဖွင့်လှစ်ပေးမည်၊ (ဂ) အစီအစဉ်မရှိပါက မည်သည့်အကြောင်းကြောင့်ဖြစ်သည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး ၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းရဲ့ မေးခွန်းအား

ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်ရပ်ကွက်၊ ဓမ္မသုခလမ်းရှိ လက်မှုကျောင်း(Handicraft School)ကို ၂၀၁၀ ခုနှစ်အထိ ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် အဆိုပါကျောင်းများ၏ဖွဲ့စည်းပုံများ မရှိတော့သည့်အတွက် လက်မှုကျောင်းဖွင့်လှစ်ခြင်းကို ယာယီရပ်နားခဲ့ရပါတယ်။ ယခုအခါတွင် ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနမှ ကာလတို သက်မွေးပညာသင်တန်းများကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနအတွင်းရှိ ဆရာများကို ADB ၏ အကူအညီဖြင့်လည်းကောင်း၊ Total Exportation & Production Myanmar ၏ အကူအညီဖြင့်လည်းကောင်း သင်တန်းများပေးအပ်လျက်ရှိပြီး သက်မွေးပညာသင်တန်းများအတွက် သင်တန်းနည်းပြဆရာများရရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါကျောင်း၏ အကြီးစား ပြင်ဆင်လုပ်ငန်းများအတွက် ကုန်ကျငွေများကို ခန့်မှန်းတွက်ချက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုရန်ပုံငွေရေးဆွဲချိန်တွင် ထည့်သွင်းတင်ပြတောင်းခံ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ အဆောက်အဦပြင်ဆင်ခြင်းနှင့် စက်ပစ္စည်းများဖြည့်ဆည်းပေးခြင်းတို့ ဆောင်ရွက်ပြီးမှသာ ကာလတို သက်မွေးပညာသင်တန်းများကို ဖွင့်လှစ်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဖားဆောင်းမြို့နယ်၊ တောင်ပေါ်ရွာ၊ ဇီးပင်ကွေ့ရွာ၊ ယူကောခိုကျေးရွာ(၃)ရွာရှိ မူလတန်းကျောင်းနှစ်ကျောင်းနှင့် အလယ်တန်းခွဲကျောင်းတစ်ကျောင်းအား မြေပြိုရန်အန္တရာယ်ရှိကြောင်း မှတ်ချက်ဖြင့် ပြောင်းရွှေ့စေခဲ့ရာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းဆက်လက်ဖွင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ဖားဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူဖြစ်ပါတယ်ရှင်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ဒသမမြောက်နေ့မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါလှတဲ့ အခန်းကဏ္ဍဖြစ်တဲ့ ပညာရေးနဲ့ပတ်သက်တဲ့ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးကျေးရွာအုပ်စုရှိ တောင်ပေါ်ရွာ၊ ဇီး(၁၆)၊ ယူကောခိုကျေးရွာများဟာဆိုရင် လွန်ခဲ့သောနှစ်ပေါင်း ၃၅ နှစ်ကတည်းက တည်ထောင်ခဲ့ကြသော ကျေးရွာများဖြစ်ခဲ့ကြပါတယ်။ လူဦးရေဟာဆိုရင် ၁၈၇၇ ဦး၊ အိမ်ထောင်စုပေါင်း ၅၂၈ စုရှိပါတယ်။ အဆိုပါကျေးရွာသုံးရွာမှာဆိုရင် မူလတန်းကျောင်းနှစ်ကျောင်းနှင့် အလယ်တန်းကျောင်းခွဲတစ်ကျောင်းရှိပြီး ကျောင်းသားဦးရေဟာ ၆၀၀ ဦးခန့်ရှိပါတယ်။ အဆိုပါကျေးရွာများအနီးမှာဆိုရင် ရဲထွန်းကျော်ကုမ္ပဏီနှင့် ဦးပိုင်ကုမ္ပဏီတို့မှ သတ္တုတူးဖော်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်အစိုးရလက်ထက်တွင် ၎င်းကျေးရွာသုံးရွာ၏ အောက်ခံမြေသားတည်ငြိမ်မှုမရှိကြောင်းနှင့် မြေပြိုရန် အန္တရာယ်ရှိနိုင်သည်ဟု အကြောင်းပြပြီး ၎င်းကျေးရွာများဟာ သတ္တုတူးဖော်နေသောကုမ္ပဏီများက အလျင်အမြန် ဖိအားပေးပြောင်းရွှေ့စေခဲ့သလို နိုင်ငံတော်အစိုးရမှဖွင့်လှစ်ထားသောကျောင်းများကိုလည်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မစမီမှာ ပိတ်ပြစ်ခဲ့ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ခေတ္တရပ်နားချိန်မှာ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ မော်ချီးကျေးရွာအုပ်စုရှိ ပြည်သူလူထုနှင့် သွားရောက်တွေ့ဆုံကွင်းဆင်းခဲ့ပြီး တွေ့ကြုံနေသော ပြည်သူလူထုအခက်အခဲများ၏ အချက်အလက်များရယူ၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံခဲ့ရာတွင် အန္တရာယ်ဖြစ်လာပါက ကြိုတင်ကာကွယ်သည့်အနေဖြင့် ရွာသူရွာသားများကို ပြောင်းရွှေ့စေခိုင်းခြင်းသာဖြစ်ကြောင်းနှင့် မဖြစ်မနေပြောင်းရွှေ့ရမည်မဟုတ်ဟုလည်း သိရှိခဲ့ရပါတယ်။ ယခုအခါ ကျေးရွာနေပြည်သူများဟာ မပြောင်းရွှေ့ဖြစ်ခဲ့သော်လည်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ရွာမှာဖွင့်လှစ်ထားရှိသောကျောင်းများဟာ နေရာအသစ်သို့ ပြောင်းရွှေ့ခဲ့ရပါတယ်။ ကျောင်းသားကျောင်းသူများဟာဆိုရင် ရွာမှ ငါးမိုင်မှ ၁၀ အထိဝေးသောနေရာသစ်တွင် ဖွင့်လှစ်ထားတဲ့ကျောင်းတွေမှာ သွားရောက်ပညာသင်ကြားနေရပါတယ်။ ဆိုးရွားတဲ့ရာသီဥတုအခြေအနေနဲ့ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ၊ ရွာနှင့်ကျောင်းဝေးကွာလွန်းသဖြင့် တချို့ကလေးများမှာဆိုရင် ကျောင်းထွက်၍ တချို့ကလေးများမှာ ကျေးရွာအသီးသီးရှိ ယာယီဖွင့်ထားသောကျောင်းများတွင် ပြင်ပမှဆရာဆရာမများငှားရမ်း၍ ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုးကာ ပညာသင်ကြားနေရပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရှင်။

ဥက္ကဋ္ဌကြီးရှင်။ ပညာသင်ယူမှုသည် မွေးဖွား သည့်နေ့မှစ၍ ဘဝတစ်လျှောက် စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရေးအတွက် ပညာရေးအခွင့် အလမ်းများရရှိနိုင်ရန်နှင့် အကျိုးရှိသည့်ပညာရပ်များတတ်မြောက်နိုင်စေရန် နိုင်ငံသားတိုင်းအနည်းဆုံး မူလတန်းအဆင့်ပညာကို တတ်မြောက်ခွင့်ရရှိနိုင်

အောင် ဆောင်ရွက်ပေးရမည်မှာလည်း နိုင်ငံတော်အစိုးရ၏ မူဝါဒများဖြစ်သည့်အတွက်ကြောင့် လူတိုင်းလက်လှမ်းမီသော အခြေခံပညာကျောင်းများကို ဖွံ့ဖြိုးမှုအားနည်းသည့်ဒေသများတွင် ပို၍ ဦးစားပေး ဆောင်ရွက်ပေးထားသင့်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါကျောင်းများကို ပြန်လည်ဖွင့်လှစ် ပေးနိုင်မယ်ဆိုရင် ကျောင်းနေအရွယ်ကလေးသူငယ်များအားလုံး ကျောင်းတက်နိုင်ကြမှာဖြစ်ပြီး ဆရာဆရာမတွေကို ငှားရမ်းပညာသင်ကြားနေသော ပြည်သူများ၏ လူမှုအခက်အခဲများကိုလည်း ဖြေရှင်းရာရောက်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ (၁) ပညာသင်ကြား နေသော ကျောင်းသားကျောင်းသူများ ဘေးကင်းလုံခြုံစွာ ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ၎င်းကျေးရွာများရှိ ကျောင်းများကို မူလနေရာတွင် ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ (၂) အစီအစဉ်မရှိပါက ယခုလက်ရှိ ကိုယ်ထူကိုယ်ထအနေဖြင့် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်အစိုးရအနေနဲ့ မည်ကဲ့သို့ဆက်လက်ဆောင်ရွက်ပေးမည်ကို ဒေသခံ ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး ၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကယားပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူရဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး၏ မေးမြန်းချက်တွင် ပါရှိသော ကျောင်း သုံးကျောင်းအနက်မှ ယူကောခိုကျေးရွာကျောင်းသည် အမှတ်(၁၃) အခြေခံပညာ မူလတန်းကျောင်း ကုန်းဟုလည်းကောင်း၊ ဇီးပင်ကွေ့ကျေးရွာကျောင်းသည် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်း ကုန်းဟုလည်းကောင်း ပညာရေးဝန်ကြီးဌာန၏ တရားဝင် အမည်ပေါက်စာရင်းတွင် ပါရှိပါတယ်။ ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်တွင် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၌ မြေပြိုမှုဖြစ်ပွားခဲ့၍ နိုဝင်ဘာလတွင် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဘူမိဗေဒ ပညာရှင်များအား ခေါ်ယူစစ်ဆေးခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းခဲ့သော ရွာသုံးရွာသည် အန္တရာယ်ဇုန်တွင် ကျရောက်နေကြောင်း အတည်ပြုခဲ့ကြပါတယ်။ ထိုသို့ အန္တရာယ်ဇုန်တွင် ကျရောက်

နေသောကြောင့် ကယားပြည်နယ်အစိုးရအဖွဲ့၏ ၂၆-၁၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၄/၇-၂၂၁/ဦး ၅ ဖြင့် ၎င်းနေရာများသည် အန္တရာယ်ဖြစ်ပွားနိုင်ခြေ အမြင့်ဆုံးနေရာ(Very High Hazard Zone) ဖြစ်၍ အန္တရာယ်လွတ်ကင်းရာမြေနေရာများ ရှာဖွေပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါကျေးရွာများကို စနစ်တကျပြောင်းရွှေ့နေရာချထားရေး စီစဉ်ဆောင်ရွက်ရန် ကယားပြည်နယ်အစိုးရအဖွဲ့က ညွှန်ကြားခဲ့ပါတယ်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၉၊ ၁၀၊ ၁၁ ရက်နေ့များတွင် မြေပြိုမှုများဖြစ်ချိန်မှစ၍ အဆိုပါကျောင်းသုံးကျောင်းတွင် သင်ကြားနေသော ကျောင်းသားကျောင်းသူများအား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် အ.ထ.က မော်ချီး၊ အ.လ.က လိုခါးလို၊ အ.မ.က လိုခါးလို(ကွက်သစ်)၊ အ.မ.က မော်ချီးအောက်ရွာကျောင်းများ၌ ပြောင်းရွှေ့သင်ကြားစေခဲ့ပါတယ်။ ထိုသို့ ပြောင်းရွှေ့သင်ကြားရာတွင် အဆင်ပြေစေရန်အတွက် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မော်ချီးဒေသဖြစ်သော အ.လ.က လိုခါးလို၌ ၁၄၀ ပေ x ၃၀ ပေ RC နှစ်ထပ်ဆောင် တစ်ဆောင်အားလည်းကောင်း၊ အ.မ.က မော်ချီးအောက်ရွာ၌ ၆၀ ပေ x ၃၀ ပေ အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်အားလည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ မတ်လတွင် အပြီးသတ်ထပ်မံတည်ဆောက်ပေးခဲ့ပါတယ်။

ကယားပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၁၆) အပိုဒ်(၆)အရ အန္တရာယ်ဇုန်တွင် ကျရောက်နေသော ကျောင်းလေးကျောင်းအား ပြောင်းရွှေ့ဆောက်လုပ်ရန်အတွက် မြေနေရာသတ်မှတ်ပေးခဲ့ပြီး ၎င်းမြေနေရာများတွင် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက အောက်ပါအတိုင်းကျောင်းများ ဆောက်လုပ်ပေးခဲ့ပါတယ်။

(က) အ.လ.က(ခွဲ)တောင်ပေါ်၊ ပြောင်းရွှေ့သည့်နေရာ လယ်ဘွာခို(လေးထပ်ကွေ့နန်းဟူးရွာဟောင်း) အရှေ့တောင်ဘက်၊ အကွာအဝေး သုံးမိုင်၊ ၁၂၀ x ၃၀ ပေ၊ အုတ်ညှပ် တစ်ထပ်၊ ၆၀ x ၃၀ ပေ၊ အုတ်ညှပ်တစ်ထပ်နှစ်ဆောင်၊ အ.မ.က(၁၆)ကုန်း၊ ဒိုမူပယ်ရွာ၏ အရှေ့ဘက် အကွာအဝေးသုံး မိုင် ၆၀ x၃၀ ပေ အုတ်ညှပ်တစ်ထပ်တစ်ဆောင်၊ အ.မ.က(၁၃)ကုန်း လိုခါဒေး(ဆယ်မိုင်ကုန်း) ၏ တောင်ဘက် အကွာအဝေး ၁၅ မိုင်၊ ၆၀ x ၃၀ ပေ၊ အုတ်ညှပ်တစ်ထပ်တစ်ဆောင်၊ အ.မ.က(ခွဲ)၊ ရေပူ ရွာ ၆၀ x ၃၀ ပေ၊ အုတ်ညှပ်တစ်ထပ် တစ်ဆောင်။

အထက်ပါကျောင်းဆောင်များကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေ ၅၀ ရာခိုင်နှုန်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ရန် ဘဏ္ဍာငွေ ၅၀ ရာခိုင်နှုန်းခွဲဝေချထား ဆောင်ရွက်ပေးခဲ့ရာ လယ်ဘွာခို(လေးထပ်ကွေ့နန်းဟူးရွာဟောင်း)ကျေးရွာနှင့် ရေပူကျေးရွာရှိ ကျောင်းဆောင်များသည် ၂၀၁၆ ခုနှစ်၊ မေလတွင် ပြီးစီးခဲ့ပြီး ဒိုမူပယ်ကျေးရွာ အ.မ.က(၁၆)ကုန်း၊ ပြောင်းရွှေ့သည့်ကျေးရွာနှင့် လိုခါဒေး(ဆယ်မိုင်ကုန်း)ကျေးရွာ(အ.မ.က(၁၃)ကုန်း၊ ပြောင်းရွှေ့သည့် ကျေးရွာ)ကျောင်းများဟာ ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျောင်းသားများလက်ခံပြီး သင်ကြားသင်ယူမှုလုပ်ငန်းများ ပြုလုပ်နေပြီဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျေးရွာများသည် အန္တရာယ်ဇုံအတွင်း တည်ရှိနေခြင်းကြောင့် အန္တရာယ်မှ လွတ်ကင်းရာ မြေနေရာများရှာဖွေ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ကျေးရွာများကို ကယားပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စနစ်တကျပြောင်းရွှေ့နေရာချထားပြီး ကျောင်းဆောင်သစ်များလည်း ဆောက်လုပ်ပေးပြီးဖြစ်သောကြောင့် နေရာဟောင်း(အန္တရာယ်ဇုန်)တွင်ရှိနေသော အဆိုပါကျောင်း သုံးကျောင်းအား ဆက်လက်ဖွင့်ပေးရန်မှာ ကယားပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရယူ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ် နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါ။ ဝန်ကြီးဖြေသွားတဲ့အထဲမှာ ကျောင်းတွေကို စနစ်တကျပြောင်းရွှေ့ပေးပြီးမှ ကျောင်းတွေကို ဆောက်ထားပေးတာတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ ကျောင်းတွေဟာ ဝေးကွာလွန်းသဖြင့် ကျောင်းသားကျောင်းသူတွေဟာ အဲဒီအထိ ကျောင်းသွားမတက်နိုင်ဘဲနဲ့ ကိုယ်ထူကိုယ်ထနဲ့ ဆရာမငှားရမ်းပြီး ပညာသင်ကြားနေတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ဝန်ကြီးအနေနဲ့ ဘယ်လိုဆက်လက်ဆောင်ရွက်ပေးမှာကိုလည်း ဖြေကြားပေး စေချင်ပါတယ်ရှင်။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီအန္တရာယ်ဇုန် အတွင်း တည်ရှိနေတဲ့ သတ်မှတ်ပြီးတော့မှ လုပ်ထုံးလုပ်နည်းနဲ့အညီ ကျေးရွာတွေကို ကယားပြည်နယ် အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ပြောင်းရွှေ့ပြီးတော့မှ ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် ဒီကျောင်းသုံး

ကျောင်းကို ဆက်လက်ပြန်လည်ဖွင့်လှစ်ပေးဖို့က ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထား မှတ်ချက်ရယူပြီးတော့မှသာ ဆောင်ရွက်လို့ရမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီကိစ္စကိုအလေးအနက်ထားပြီးတော့ ပြန်လည် သုံးသပ်ပေးစေလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျေးရွာက အန္တရာယ်ဇုန်ဖြစ်လို့ ကျောင်းတွေတော့ ပြောင်းရတယ်။ ငါးမိုင်လောက်ဝေးတယ်။ ရွာကတော့ကျန်တယ်။ အခုထိ ရွာကလည်း ဘာအန္တရာယ်မှ မကျရောက်သေးဘူး။ အဲတော့ ခုန မူလတန်းကလေးတွေက အသွားငါးမိုင် အပြန်ငါးမိုင် တစ်နေ့ကို ၁၀ မိုင်လောက် ပညာသင်ဖို့အတွက်သွားရတဲ့ ကြန့်ကြာမှု၊ ပင်ပန်းမှု ဒါဟာလည်း စဉ်းစားပေးဖို့ လိုပါတယ်။ နောက်တစ်ခုက ခုန ဖြေသွားတဲ့အထဲမှာ ဘူမိဗေဒပညာရှင်တွေက မှတ်ချက်လို့ပြောတယ်။ ဘူမိဗေဒပညာရှင်က နိုင်ငံတော်အစိုးရကတာဝန်ပေးတဲ့ ဘူမိဗေဒပညာရှင်လား ကုမ္ပဏီကခိုင်းတဲ့ ဘူမိဗေဒပညာရှင်လား အဲဒီလိုလည်း ပြန်လည်လေ့လာသုံးသပ်ပေးပါ။ ပြီးလို့ရှိရင် ကယားပြည်နယ် အစိုးရနဲ့ ညှိနှိုင်းပြီးတော့ ဒါကို အကောင်းဆုံးဖြစ်အောင်လို့ ဖြေရှင်းပေးစေလိုပါတယ်။

**ပန်းတောင်းမြို့နယ်၊ ဆင်တဲ(အ.ထ.က)နှစ်ထပ်ကျောင်းဆောင် အကြီးစားပြင်ဆင်မှုရပ်ဆိုင်းထားခြင်း အား ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ မေးခွန်းနံပါတ်(၁) ပန်းတောင်းမြို့နယ်၊ ဆင်တဲ(အ.ထ.က) နှစ်ထပ် ကျောင်းဆောင်အကြီးစားပြင်ဆင်မှု ရပ်ဆိုင်းထားခြင်းအား ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပါမည်နည်း။ ယခင်လုပ်ဆောင်သည့် ကုမ္ပဏီမှ ခန့်မှန်းတွက်ချက်မှုစာရင်း(BQ)ပါအတိုင်း မဆောင်ရွက်တဲ့ကိစ္စမှ နောက်ဆက်တွဲပြင်ဆင်မှု ရပ်ဆိုင်းရထားခြင်းထိ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မေးခွန်းနံပါတ်(၂)ကတော့ နောင်လုပ်ဆောင်မယ့် ကုမ္ပဏီအနေနဲ့ ခန့်မှန်းတွက်ချက်မှုစာရင်း(BQ)နှင့်ကိုက်ညီအောင်မဆောင်ရွက်ပါက မည်ကဲ့သို့ အရေးယူ ဆောင်ရွက်ပါမည်နည်းဆိုပြီး မေးခွန်းနှစ်ခုကို ကျွန်မမေးမြန်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မေးခွန်းမေးမြန်းရတဲ့အကြောင်းအရင်းကတော့ ပန်းတောင်းမြို့နယ်၊ အ.ထ.က (ဆင်တဲ)ကျောင်းမှာ အင်း၀ကျောင်းဆောင်နဲ့ ပင်းယကျောင်းဆောင်ဆိုပြီး ကျောင်းဆောင်ကြီး နှစ်ဆောင်ရှိပါတယ်။ ပြင်ဆင်မှုရပ်ဆိုင်းထားသောကျောင်းဆောင်မှာ အင်း၀ကျောင်းဆောင်ဖြစ်ပြီး စိန်လင်းလက်ကုမ္ပဏီက အခြေခံပညာဦးစီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၅.၀၂၀ သန်းနဲ့ အကြီးစား ပြင်ဆင်ခွင့်ရရှိခဲ့ပါတယ်။ အဆိုပါကုမ္ပဏီက ပြင်ဆင်ရာမှာ ခန့်မှန်းတွက်ချက်မှုစာရင်း(BQ)ပါအတိုင်း မဆောင်ရွက်ကြောင်း သတင်းရရှိလို့ ဆင်တဲကျေးရွာမှ ရပ်မိရပ်ဖများက သွားရောက်ကြည့်ရှုစစ်ဆေး ခဲ့ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ Power Point မှာ ဆင်တဲရပ်မိရပ်ဖများက BQ ပါအတိုင်း မဆောင်ရွက်လို့၊ မကိုက်ညီလို့ ၂၄-၃-၂၀၁၆ ရက်နေ့မှာ ကျောင်းအုပ်ကြီးထံ အကြောင်းကြားစာပေးပို့ခဲ့ရခြင်းအထောက်အထားများ၊ ပြင်ဆင်ထားမှုဓာတ်ပုံ မှတ်တမ်းများ ပါ၀င်ပါတယ်။ ကုမ္ပဏီကကျောင်းဆောင်ပြင်ဆင်မှုမှာ အမိုးသွပ် ၀.၃၆ MM အစား ၀.၂၀ MM ကိုလည်းကောင်း၊ အပေါ်ထပ်လှျာထိုးဆောက်တဲ့အခါမှာ (၄ x ၃/၄) လက်မနေရာမှာ ကျွန်းသားအနုဖြင့်လည်းကောင်း၊ အဆောက်အဦနံရံအုတ်ညှပ်သစ်သားတန်းကို သစ်မာဖြင့် အစားထိုး ပြုပြင်ရန်အား အင်္ဂတေဖြင့်သာ ဖာထေး၍ဆေးရောင်ခြယ်ခြင်းကိုလည်းကောင်း၊ အကြီးစားပြင်ဆင် နိုင်လောက် တဲ့ပစ္စည်းများ စုပုံမထားခြင်းတို့ကြောင့် ပြင်ဆင်သည့်ကုမ္ပဏီကို နှစ်ကြိမ်တိုင်တိုင် (BQ) ပါအတိုင်းဆောင်ရွက်ဖို့ ဆင်တဲရပ်မိရပ်ဖများက တိုက်တွန်းခဲ့ပါတယ်။ ဒါပေမဲ့ ကုမ္ပဏီက မဆောင်ရွက်လို့ တိုင်ကြားရာမှ ဆောက်လုပ်မှုကို ယနေ့အထိ ရပ်ဆိုင်းထားရခြင်းဖြစ်ပါတယ်။ ယခု အခါ ကျောင်းဖွင့်တာနှစ်လကျော်ပြီဖြစ်နေပေမယ့် အင်း၀ကျောင်းဆောင်ကလည်း ပြုပြင်မှုက ရပ်ဆိုင်းထားပါတယ်။ ကျန်ကျောင်းဆောင်ဖြစ်တဲ့ ပင်းယကျောင်းဆောင်ကြီးကလည်း အန္တရာယ်ရှိ ကျောင်းဆောင်အဖြစ် သတ်မှတ်ခံထားရလို့ ကျောင်းဆောင်ကြီးနှစ်ဆောင်လုံးဟာ ပညာသင်ကြားမရ ဖြစ်နေပါတယ်။ ဆင်တဲ(အ.ထ.က)ကျောင်းဟာ အောင်ချက်ရာခိုင်နှုန်း မြင့်မားတဲ့အပြင် ထူးချွန် ကျောင်းသားများကိုပါ ပေါ်ထွက်အောင်သင်ကြားနိုင်မှုတို့ကြောင့် မြို့နယ်အဆင့်ကိုကျော်ဖြတ်ကာ ခရိုင်/တိုင်းဒေသကြီးအဆင့်များနှင့် ယှဉ်ပြိုင်နိုင်သောကျောင်းကြီးဖြစ်ပါတယ်။ နှစ်စဉ်တိုးလာသော ကျောင်းသားတို့ကြောင့် ယခုအခါမှာ ကျောင်းဆောင်ကြီးနှစ်ဆောင်လုံး စာသင်မရ၍ ပညာ သင်ကြားမှုအခက်အခဲကြုံတွေ့နေရပါသောကြောင့် ဒေသခံကျောင်းသားမိဘများကိုယ်စား မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ပန်းတောင်းမြို့နယ်၊ ဆင်တဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ (၁၃၀x၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်(၂)ထပ် ဆောင်အားအကြီးစားပြင်ဆင်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၅၅.၀၂ သန်းကို ခွဲဝေခွင့်ပြုဆောင်ရွက်ခဲ့ပါတယ်။ ပန်းတောင်းမြို့နယ်၊ ဆင်တဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ (၁၃၀x၃၀) ပေ၊ သွပ်မိုး(၂)ထပ်ဆောင် အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ရာ စိန်လင်းလက်ကုမ္ပဏီနှင့် ကျောင်းဆောက်လုပ်ရေးကော်မတီတို့ ပြေလည်မှုမရှိခဲ့၍ လုပ်ငန်းရပ်ဆိုင်းခဲ့ရာ ကုမ္ပဏီသို့လုပ်ငန်းအပ်နှံငွေ၏ပြီးစီးမှု ၆၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းသာပေးချေခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ပိတ်ချိန်နှင့် နီးကပ်နေတဲ့အတွက် ကျန်ငွေ ၅၀ ရာခိုင်နှုန်းကို တိုင်းဒေသကြီးပညာရေးမှူး၏ အစီအစဉ်ဖြင့် အခြားနေရာများသို့ လွှဲပြောင်းခွဲဝေသုံးစွဲခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ ပြင်ဆင်ရန် ကျန်ရှိနေတဲ့လုပ်ငန်းတွေကို အပြီးသတ်ဆောက်လုပ်ရန်အတွက် ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ် ဝ၄၀၂ ခေါင်းစဉ်အောက်မှ ရန်ပုံငွေခွဲဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံပညာကျောင်းများတွင် ကျောင်းဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများနှင့် ဆောက်လုပ်ရေးကုမ္ပဏီများ စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိပါတယ်။ ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် ကျောင်းဆောင်ဆောက်လုပ်ရာတွင် တရားဝင်သတ်မှတ်ပေးထားသော BP, Bill of Quantity (BQ) များနှင့် မကိုက်ညီပါက သက်ဆိုင်ရာမြို့နယ်အလိုက် ဖွဲ့စည်းပေးထားသော မြို့နယ်ကျောင်းဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီက အဆိုပါကျောင်းဆောင်အား BP,BQ များနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်စေခြင်း၊ BP,BQ များအတိုင်း မဆောင်ရွက်နိုင်ပါက အဆောက်အဦအားလက်မခံခြင်းများကိုလည်းကောင်း၊ သတ်မှတ်ရက်အတွင်း မပြီးစီးပါကလည်း ရက်လွန်ဒဏ်ကြေးပေး

ဆောင်စေခြင်းများကိုလည်းကောင်း၊ စာချုပ်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးကျော်ဌေး၊ လေရှီးမဲဆန္ဒနယ်က ကျေးလက်ဒေသအခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန် လိုအပ်ကြောင်းနှင့် အကယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ ခွင့်ပြုငွေချပေးရန်ခက်ခဲမည်ဆိုပါက ဖွံ့ဖြိုးမှုနောက်ကျပြီး အမှန်တကယ်လိုအပ်နေသည့် ဒေသများကို စိစစ်ပြီး ဘတ်ဂျက်ခွင့်ပြုပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် ဆုံးဖြတ်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးကျော်ဌေးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်ဌေး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်ဒေသအခြေခံပညာကျောင်းများမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ပညာရေးဝန်ထမ်းများ၏အိမ်ရာများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန်လိုအပ်ကြောင်းနှင့် အကယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ ခွင့်ပြုရန်ပုံငွေ ချပေးရန်ခက်ခဲမည်ဆိုပါက ဖွံ့ဖြိုးမှုနောက်ကျပြီးတော့မှ အမှန်တကယ်လိုအပ်နေသည့်ဒေသများကို စိစစ်ပြီးတော့ ဘတ်ဂျက်ခွဲဝေပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးသိနေတဲ့အတိုင်းပဲ ကျွန်တော်တို့နိုင်ငံဟာ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်ဒေသမှာ နေထိုင်ကြပြီးတော့ အများသောအားဖြင့် ဆင်းရဲသူများဖြစ်ကြပါတယ်။ ကျေးလက်နေပြည်သူများဟာ စားဝတ်နေရေးအတွက် နေ့စဉ်

နှင့်အမျှ ရှန်းကန်ရှာဖွေနေရပြီး သားသမီးများရဲ့ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများကို လှည့်မကြည့်နိုင်လောက်အောင် ခက်ခဲတဲ့နေရာဒေသတွေ များစွာရှိနေသေးတယ်ဆိုတာကို တင်ပြလိုပါတယ်။ အဲဒီကျေးလက်ဒေသတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ပညာရေးဝန်ထမ်းများဟာ ဒေသခံမဟုတ်တဲ့ ရပ်ဝေးကနေ လာရောက်တာဝန်ထမ်းဆောင်တဲ့ဆရာ ဆရာမတွေပဲ များပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေဟာ အချိန်မရွေးပြောင်းရွှေ့နိုင်တဲ့အတွက် ကိုယ်ပိုင်အိမ်တွေဆောက်လုပ်ပေးဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျေးရွာက အလျဉ်းသင့်သလို စီစဉ်ပေးတဲ့နေရာတွေမှာ အဆင်ပြေအောင်နေကြရပါတယ်။ အချို့သောဆရာတွေဟာ ဘုန်းကြီးကျောင်းနဲ့ ရွာမှာရှိတဲ့ အိမ်လွတ်တွေမှာ ကြုံသလိုနေကြတာမျိုးရှိသလို စာသင်ကျောင်းတွေမှာလည်း အဖီလေးချပြီးတော့မှ နေကြတာလည်း တွေ့ရှိရပါတယ်။ အချို့သောဆရာမများကတော့ ရွာက ကိုယ်ထူကိုယ်ထဆောက်ပေးတဲ့အိမ်မှာ နေကြရပြီး မိသားစုနည်းတဲ့အိမ်တွေမှာလည်း အိမ်ရှင်တွေနဲ့ပေါင်းပြီးတော့မှ နေကြတာလည်း တွေ့ရှိရပါတယ်။ အိမ်ရှင်တွေနဲ့ပေါင်းပြီးတော့ နေကြတဲ့ဆရာ ဆရာမများအတွက် နှစ်ရှည်လများကြာတဲ့အခါမှာ အချို့အိမ်ရှင်တွေက ကျောင်းရဲ့စီမံခန့်ခွဲရေးလုပ်ငန်းပိုင်းမှာ ဝင်ရောက်စွက်ဖက်ခြင်း၊ လူမှုရေးအဆင်မပြေမှုများ ကြုံတွေ့နေရခြင်းများကိုလည်း နေရာဒေသအလိုက် တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ဝန်ထမ်းများအတွက် သီးသန့်အိမ်ရာမရှိမဖြစ်လိုအပ်နေကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုရန် တင်ပြအပ်ပါတယ်။ ဒါကတော့ လဟယ်မြို့နယ် လောကျေးရွာ ဆရာဆရာမနေအိမ်တွေပဲဖြစ်ပါတယ်။ ဒါကတော့ လဟယ်မြို့နယ် ဆော်လော်ကျေးရွာလူနေအိမ်များဖြစ်ပါတယ်။ ဒါကလည်း ဆော်လော်ကျေးရွာပါပဲ ဆရာဆရာမနေအိမ်တွေဖြစ်ပါတယ်။ ဒါက လဟယ်မြို့နယ်က လာထိန်ကျေးရွာ မူလတန်းကျောင်းဆောင်ဖြစ်ပါတယ်။ လဟယ်မြို့နယ်က ကမ္မလားကျေးရွာ မူလတန်းကျောင်းဖြစ်ပါတယ်။ ဒါက လဟယ်မြို့နယ်က ဆပ္ပလော်ကျေးရွာက ဆရာဆရာမနေအိမ်တွေဖြစ်ပါတယ်။ ဒါက လေရှီးမြို့နယ်က ဒါကလည်း ဆရာဆရာမနေအိမ်တွေဖြစ်ပါတယ်။ ဒါလည်း လေရှီးမြို့နယ် ဂျီချဲခါးကျေးရွာက ဝန်ထမ်းအိမ်ဖြစ်ပါတယ်။ ဒါလည်း လေရှီးမြို့နယ်အတွင်းမှာရှိတဲ့ ဆရာဆရာမနေအိမ်ဖြစ်ပါတယ်။ ဒါက လဟယ်မြို့နယ်က ပုံညိုကျေးရွာလူနေအိမ်တွေဖြစ်ပါတယ်။ ဒါက လေရှီးမြို့နယ် ဂျီလာကျေးရွာက ဆရာဆရာမနေအိမ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တင်ပြတာကတော့ ကျွန်တော်တို့ဆီမှာရှိတဲ့ပုံတွေပဲ တင်ပြရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကျန်တဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ကျေးလက်ဒေသတွေ

မှာလည်း ကျွန်တော့်နည်းတူ ကျွန်တော်တို့ဆီမှာ အခုနက တင်ပြတဲ့ပုံစံမျိုး များစွာရှိတယ်ဆိုတာကို လေ့လာသိရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝန်ထမ်းအိမ်ရာတွေကို ကိုယ်ထူကိုယ်ထဆောက်လုပ်တဲ့အခါမှာ ဖွံ့ဖြိုးမှုအသင့်အတင့်ရှိတဲ့ နေရာဒေသတွေမှာဆိုလို့ရှိရင်တော့ အလှူရှင်ရနိုင်တဲ့ဒေသတွေမှာဆိုရင် ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုးအိမ်တွေနဲ့ ဆောက်လုပ်ပေးနိုင်ပေမယ့်လို့ ကျွန်တော်တို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလို လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီးတော့မှ ဆင်းရဲတဲ့ဒေသတွေမှာ ကုန်ဈေးနှုန်းတွေကြီးမားပြီးတော့မှ ပြည်သူတွေရဲ့ဆင်းရဲခြင်းတို့ကြောင့် အိမ်ရာတွေဆောက်လုပ်ပေးဖို့ အခက်အခဲများစွာရှိနေပါတယ်။ ဒေသခံတွေကိုယ်တိုင်က ဖွံ့ဖြိုးမှုနောက်ကျပြီးတော့မှ ခက်ခက်ခဲခဲရုန်းကန်နေရတဲ့အခါမှာ ဝန်ထမ်းများအတွက် ခိုင်ခံ့လုံခြုံတဲ့ အဆောက်အဦဆောက်လုပ်ပေးဖို့ မတတ်နိုင်တဲ့အခြေအမျိုးရှိနေတယ်ဆိုတာကို တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျေးရွာကတတ်နိုင်တဲ့ သစ်၊ ဝါးများကိုသာ အသုံးပြုပြီးတော့မှ ဆောက်လုပ်တဲ့ အဆောက်အဦတွေဟာ ရာသီဥတုကြမ်းတမ်းမှုကြောင့် မကြာခဏဆိုသလို ပြုပြင်နေရပြီးတော့ မိုးတွင်းကာလမှာဆိုရင် ဆရာဆရာမတွေဟာ အတိဒုက္ခအမြဲတမ်းရောက်ရပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝေးလံခေါင်းပါးပြီးတော့မှ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ပညာရေးဝန်ထမ်းများဟာ ရေတစ်တန်၊ ကုန်းတစ်တန် အဆင့်ဆင့်သွားလာရတဲ့အပြင် ကားလမ်းမပေါက်တဲ့နေရာဒေသတွေမှာဆိုရင် တောင်တက်တောင်ဆင်းကြမ်းတမ်းတဲ့ခရီးကို ရက်ပေါင်းများစွာ ပင်ပန်းဆင်းရဲခံပြီးတော့မှ ခက်ခက်ခဲခဲသွားလာရပါတယ်။ အချို့သောဝန်ထမ်းများမှာ ခရီးတစ်ဝက်လောက်ကနေပြီးတော့မှ အလုပ်ထွက်ပြီးတော့မှ ပြန်ခေါက်သွားတဲ့ သာဓကတွေလည်း များစွာရှိခဲ့ပါတယ်။ ဒီခက်ခဲကြမ်းတမ်းတဲ့ ခရီးကိုသွားရတဲ့အပြင် နေစရာ အိမ်အခက်အခဲဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီအခက်အခဲကို အကြောင်းပြုပြီးတော့မှ လမ်းပန်းဆက်သွယ်ရေးကောင်းတဲ့ နီးစပ်ရာကျောင်းတွေမှာ တွဲပြီးတော့မှ ပညာသင်နှစ်ကုန်သွားတာတို့။ ရွာမှာအမြဲမနေတဲ့အခါကျတော့ ကျောင်းတက်မမှန်တာတွေကြောင့် ကျောင်းသူကျောင်းသားများဟာ များစွာနစ်နာနေရတယ်ဆိုတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဆရာဆရာမများရဲ့ နေအိမ်မရှိတဲ့ကိစ္စဟာ အနာဂတ်လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးမှာ အဟန့်အတားတစ်ခုလိုဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ အစိုးရရဲ့အစီအမံဖြင့် စီစဉ်ဆောင်ရွက်ပေးခြင်းမရှိလို့ရှိရင်

ကျွန်တော်တို့ ခက်ခဲတဲ့ဒေသမှာ နေထိုင်တဲ့ပြည်သူတွေရဲ့ဘဝဟာ ဘယ်နည်းနဲ့မှ ဖွံ့ဖြိုးတိုးတက်ဖို့ မဖြစ်နိုင်ဘူးဆိုတာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက် အဖက်ဖက်က လိုအပ်ချက်များစွာရှိနေသေးတယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်။ မည်သည့်ကိစ္စမှာမဆို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ဖို့ဆိုရင် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံဖို့ များစွာလိုအပ်မှာဖြစ်ပါတယ်။ ကမ္ဘာ့ပညာရေးစနစ်အကောင်းဆုံးနိုင်ငံများကို နှိုင်းယှဉ်လေ့လာတဲ့အခါမှာ မိဘ၊ ဆရာ၊ ကျောင်းသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအပြင် ငွေကြေးရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံများဖြစ်နေသည်ကို တွေ့ရှိရပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးသည် အဓိကဖြစ်သလို ပညာရေးမြင့်မားမှုနှင့် ဆင်းရဲမှုလျှော့ချရေးသည်လည်း ဆက်စပ်လျက်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ကျေးလက်နေပြည်သူများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍရဲ့လိုအပ်ချက်တွေမှာ အစိုးရအနေနဲ့ စီမံဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်။ အထူးသဖြင့် ဝေးလံခေါင်းပါးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသတွေမှာ ဝန်ထမ်းဖွဲ့စည်းပုံအနည်းအများကို အခြေခံပြီးတော့ အိမ်ရာတွေဆောက်လုပ်ပေးဖို့ တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကျေးလက်ဒေသအခြေခံပညာကျောင်းများမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ပညာရေးဝန်ထမ်းများ၏အိမ်ရာများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန် လိုအပ်ကြောင်းနှင့် အကယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ ခွင့်ပြုငွေချပေးရန်ခက်ခဲမည်ဆိုပါက ဖွံ့ဖြိုးမှုနောက်ကျပြီးတော့ အမှန်တကယ်လိုအပ်နေသည့်ဒေသများကို စိစစ်ပြီးတော့ ဘတ်ဂျက်ခွင့်ပြုပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများရဲ့ကိုယ်စား တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ဌေး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ငွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ နိုင်ငံမှာ လမ်းပန်းဆက်သွယ်ရေးအခက်ခဲဆုံး၊ ဖွံ့ဖြိုးမှုအနည်းဆုံးဒေသဟာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသနှင့် ချင်းပြည်နယ်ပဲဖြစ်ပါတယ်။ ထို့ကြောင့် ဤဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အကျဆုံးက ပညာရေးအားဖြင့် လူ့အရင်းအမြစ်ကို မြှင့်တင်ရေးဟာ အဓိကဖြစ်ပါတယ်။ ပညာရေး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကျောင်းဆရာဆရာမများ လုံလောက်စွာရရှိရေးဟာလည်း အရေးကြီးပါတယ်။ နိုင်ငံတော်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ချင်းပြည်နယ်တို့မှာ ကျောင်းဆရာဆရာမများ အမြောက်အများခန့်ထားပေးတာကိုလည်း အများကြီးကျေးဇူးတင်ရှိပါတယ်။ သို့ပေမယ့် ကျွန်တော်တို့ ဆရာဆရာမများဟာ သူတို့ရဲ့တာဝန်ကျရာ ကျေးရွာတွေမှာ အခုနက Power Point မှာ ဖော်ပြထား သလိုပဲ နေစရာအိမ်မရှိတဲ့ အခက်အခဲတွေ ပြဿနာတွေအများကြီး ကြုံတွေ့နေရပါတယ်။ ဆရာ ဆရာမများဟာ ကြုံသလို ရွာလူကြီးအိမ်မှာသော်လည်းကောင်း၊ ခင်မင်နီးစပ်တဲ့ပုဂ္ဂိုလ်အိမ်မှာသော် လည်းကောင်း နေရတဲ့အခါမှာ အဆင်မပြေတဲ့အိမ်ရာတွေမှာနေရတဲ့အခါမှာ ရက်ရှည်လများကြာလ တဲ့အခါမှာ သူတို့အတွက် များစွာခက်ခဲပါတယ်။ အထူးသဖြင့် အောက်ပြည်အောက်ရွာကတက်လာတဲ့ ကျောင်းဆရာဆရာမများဟာဆိုရင် အဲဒီဒေသရဲ့ဓလေ့ထုံးစံကိုမသိ၊ မရင်းနှီးသေးတဲ့ ပတ်ဝန်းကျင် သစ်ကို ရောက်ရှိလာတဲ့အခါမှာ ပိုလို့တောင် အခက်အခဲတွေ့ကြုံနေကြပါတယ်။ ဒီလိုအခက်အခဲမျိုး ကြုံတွေ့လာတဲ့အခါမှာ နဂိုကမှ မသွားချင်၊ မနေချင်တဲ့အထဲ အခုလို ပြဿနာအခက်အခဲများကြောင့် အလုပ်က နုတ်ထွက်သူတွေလည်း ရှိပါတယ်။ တချို့ကျပြန်တော့ မြို့နယ်ပညာရေးမှူး သို့မဟုတ် ကျောင်းအုပ်ဆရာဆရာမကြီးများကို ပိုက်ဆံပေး၊ လာဘ်ထိုးပြီးသော်လည်းကောင်း မြို့ပေါ်မှာ ဒါမှမဟုတ် နီးစပ်ရာလမ်းပန်းဆက်သွယ်ရေးကောင်းတဲ့နေရာမှာ တွဲဖက်များအဖြစ် နေကြရတဲ့အခါမှာ ကျေးရွာများဟာ များစွာနစ်နာဆုံးရှုံးခဲ့ရပါတယ်။ သာဓကအနေနဲ့ ပြောရရင်တော့ ပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော် ထောက်ပံ့ရန်ပုံငွေထဲကနေ ကျွန်တော်တို့ မတူပီမြို့နယ်မှာ အထူးလိုအပ် ချက်အရ ရန်ပုံငွေထဲကနေ တစ်ရွာကို သိန်း ၂၀ နှုန်းနှင့် ကျေးလက်အိမ်ရာအတွက် ရွာပေါင်း ၂၂ ရွာ ကိုလျာထားပေးခဲ့ရပါတယ်။ ဒီအကြောင်းအရာကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ ဝေးလံ ခေါင်းပါးတဲ့ဒေသတွေမှာ ကျေးလက်အိမ်ရာအမှန်တကယ်လိုအပ်ကြောင်း ထင်ဟပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလားတူပါပဲ။ နာဂဒေသအပါအဝင် တစ်နိုင်ငံလုံးမှာလိုအပ်ချက်ရှိနေတာ ထင်ရှားနေပါတယ်။ နိုင်ငံတော်အနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျေးလက်ဒေသ

**မူကြမ်း**

ဆရာဆရာမများအတွက် ကျေးလက်အိမ်ရာကို စီမံကိန်းတစ်ရပ်အနေနဲ့ နှစ်အလိုက်လျာထားချက်ထားပြီးမှ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်လာပါတယ်။ အကယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တစ်ခါတည်းဆောင်ရွက်နိုင်ဖို့ရန်အခက်အခဲရှိတယ်ဆိုရင်တော့ နှစ်အလိုက်လျာထားချက်ကိုထားပြီးမှ အထူးလိုအပ်တဲ့ဒေသတွေကို အရင်ဦးစားပေးပြီးမှ ဆောင်ရွက်စေချင်ပါတယ်။ သို့မှသာလျှင် ကျွန်တော်တို့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာ တစ်ပြေးညီဖြစ်သွားမှာဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်တော်တို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးရဲ့ အဆိုကို လှိုက်လှိုက်လှဲလှဲထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးကျော်ဌေး၊ လေရှီးမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးကျော်ဌေး တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကသဘောတူတဲ့အတွက် ဦးကျော်ဌေး၊ လေရှီးမဲဆန္ဒနယ်က တင်သွင်းသော ကျေးလက်ဒေသအခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန်လိုအပ်ကြောင်းနှင့် အကယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ ခွင့်ပြုငွေချပေးရန်ခက်ခဲမည်ဆိုပါက ဖွံ့ဖြိုးမှုနောက်ကျပြီး အမှန်တကယ်လိုအပ်နေသည့်ဒေသများကို စိစစ်ပြီး ဘတ်ဂျက်ခွင့်ပြုပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးကျော်ဌေး၊ လေရှီးမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၉-၈-၂၀၁၆ ရက်(အင်္ဂါနေ့)ညနေ ၄း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က နိုင်ငံတော်၏ ချမှတ်ထားသော ပညာရေးမူဝါဒနှင့် ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အထောက်အပံ့ဖြစ်စေသော အခြေခံပညာအဆင့် သင်ကြားသင်ယူမှု ပညာရည်စစ်ဆေးတိုင်းတာခြင်းအကဲဖြတ်မှုပုံစံအတွက် မှန်ကန်သောမူဝါဒတစ်ရပ်ချမှတ်ပေးပါရန်နှင့် ခိုင်ခိုင်မာမာကျင့်သုံးပေးပါရန် ပညာရေးဝန်ကြီး ဌာနအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာလှမိုးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးပဲ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ ပညာရေးနှင့်ပတ်သက်တဲ့အဆို ဖြစ်ပါတယ်။ ဒီနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များအားလုံးလည်း သိရှိကြပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ပညာရေးအခြေအနေဟာ အဖက်ဖက်မှယိုယွင်းကျဆင်းနေတာကို မြင်တွေ့ကြရပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြုပြင်ပြောင်းလဲလိုတဲ့ဆန္ဒတွေနဲ့ ပြင်းပြနေပြီဆိုတာကို သိရပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒဆိုတာနှင့်အညီ ပညာရေးနှင့်ပတ်သက်တဲ့အဆိုကို ကျွန်တော်တင်သွင်းရခြင်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ကျွန်တော်တင်သွင်းမယ့် အဆိုကတော့ နိုင်ငံတော်၏ချမှတ်ထားသော ပညာရေးမူဝါဒနှင့်ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အခြေခံပညာအဆင့် ပညာသင်ကြားခြင်း၊ တတ်မြောက်မှုစစ်ဆေးရန်

အတွက် ခိုင်မာမှန်ကန်သောမူဝါဒတစ်ရပ်ရေးဆွဲပေးပါရန် ပညာရေးဝန်ကြီးဌာနသို့ တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ ကျွန်တော်တို့ကြည့်မယ်ဆိုလို့ရှိရင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အခန်း(၁)အခြေခံမူများ အမှတ်စဉ် ၂၈ အပိုဒ်ခွဲ(ဃ)မှာ ပြည်သူများရဲ့ ပညာရေးနှင့်ကျန်းမာရေး တိုးတက်စေဖို့အတွက် အလေးထားဆောင်ရွက်ရမယ်လို့ ဖော်ပြပါရှိပါတယ်။ ဒီလိုပဲ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အခန်း(၁)အခြေခံမူများ အမှတ်စဉ် ၂၈ အပိုဒ်ခွဲ(ဃ)မှာလည်း ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ ထူးခြားပါတယ်။ ဘက်စုံအတွေး အခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမယ်လို့လည်း ထပ်မံဖော်ပြထားပါတယ်။ ဒီလိုပဲ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အခန်း(၁)အခြေခံမူများ အမှတ်စဉ် ၃၃ မှာ နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမယ်လို့ဆိုပါတယ်။ ဗလငါးတန်ဆိုတဲ့နေရာမှာ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ ပညာဗလ၊ မိတ္တဗလအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ လမ်းညွှန်ထားခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုပဲ အမျိုးသားပညာရေးဥပဒေ (၂၀၁၄) အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်တဲ့ဥပဒေ (၂၀၁၅) အခန်း(၂) ပညာရေးရည်မှန်းချက်မှာလည်း ပြန်ကြည့်မယ်ဆိုရင် အမှတ်စဉ် ၃ အပိုဒ်ခွဲ(ဃ)မှာ တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်လို့ ဖော်ပြပါရှိပါတယ်။ ဒီလိုပဲ အမျိုးသားပညာရေးဥပဒေ (၂၀၁၄) ပြင်ဆင်သည့်ဥပဒေ (၂၀၁၅) ပုဒ်မ ၁၆ အပိုဒ်ခွဲ(ဂ) မှာလည်း ပညာရေးအဆင့်တစ်ခုပြီးမြောက်သွားတိုင်း ကျောင်းသားကျောင်းသူများ သင်ယူတတ်မြောက်မှုအဆင့်ဆင့်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာပညာရေးဥပဒေရဲ့ နည်းဥပဒေတွေမှာ သတ်မှတ်ပြဋ္ဌာန်းထားရမယ်လို့လည်း ဖော်ပြထားရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက် နေ့မှာကျင်းပတဲ့ အခြေခံပညာရေးဆရာအတတ်သင်ပညာကဏ္ဍနဲ့ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပညာရေးအဆင့် တစ်ခုပြီးမြောက်ဖို့အတွက် သင်ယူတတ်မြောက်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်ခြင်းနဲ့ပတ်သက်ပြီး စာမေးပွဲစနစ်၊ သင်ယူမှုစနစ်တွေကို ပြောင်းလဲဆောင်ရွက်ရမယ့်အပြင် အလွတ်ကျက်ပညာရေး စနစ်ကို လျှော့ချရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသွားပါတယ်။

ဒါဟာ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်တစ်ဦးကနေပြီးမှ ပညာရေးအပေါ်မှာ မှန်ကန်တဲ့ ညွှန်ကြားချက်တစ်ခုလို့ ခံယူပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာကြည့်မယ်ဆိုရင် ခေတ်အဆက်ဆက် ယနေ့အချိန်အထိ ပညာသင်ကြားမှု၊ သင်ယူမှု၊ တတ်မြောက်မှုကို စစ်ဆေးတဲ့အခါမှာ ၁၀၀ ရာခိုင်နှုန်းစာမေးပွဲစနစ်နဲ့ စစ်ဆေးပါတယ်။ ၁၀၀ ရာခိုင်နှုန်းစာမေးပွဲစနစ် စစ်ဆေးတဲ့စနစ်ဆိုတာက ဘာလဲဆိုတော့ စာမေးပွဲမှာဖြေနိုင်ရင်အောင်မယ်၊ မဖြေနိုင်ရင်ကျမယ်။ ဒီနှစ်ခုပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ စာမေးပွဲဆိုတာက နိုင်ငံတကာမှာစာမေးပွဲတွေ စစ်ဆေးတယ်ဆိုတာက ကျောင်းသားတစ်ယောက်အတန်းတင်၊ အတန်းချဆုံးဖြတ်ပေးဖို့ စစ်ဆေးကြတာမဟုတ်ပါဘူး။ ကျောင်းသားတစ်ယောက်ဒီသင်ခန်းစာတွေအပေါ်မှာ ဘယ်လောက်ကြေညက်သလဲဆိုတာ စစ်ဆေးတယ်။ စစ်ဆေးပြီး လိုအပ်တာကို ထပ်မံဖြည့်စွက်သင်ကြားပေးပြီးမှ အတန်းတင်ပေးဖို့ စစ်ဆေးခြင်းဖြစ်ပါတယ်။ ဒါပေမယ့်ကျွန်တော်တို့နိုင်ငံမှာ အဲဒီအတိုင်း ကျင့်သုံးခဲ့ခြင်းမရှိပါဘူး။ ရှေ့ပိုင်းမှာ ၁၉၉၅ ခုနှစ်လောက်ကစပြီးစဉ်ဆက်မပြတ် အကဲဖြတ်အတန်းတင်စနစ်ကို ကျင့်သုံးတယ်။ ဒါပေမယ့်လည်း ဘယ်လိုပဲ ကျင့်သုံးခဲ့၊ ကျင့်သုံးခဲ့ တက္ကသိုလ်ဝင်တန်းလို့ခေါ်တဲ့ Grate 11 မှာတော့ ၁၀၀ ရာခိုင်နှုန်းအပြည့်နဲ့ ချုပ်ထားခြင်းဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ဘယ်လိုပဲဖြစ်နေနေ ကျွန်တော်တို့တွေက ဒီ ၁၀ တန်းဟာ ကလေးတွေရဲ့ ဘဝတစ်ခုကို အဆုံးအဖြတ်ပေးတဲ့အတွက်ကြောင့် မိဘတွေရော၊ ကျောင်းသားကျောင်းသူတွေရောဟာ စဉ်ဆက်မပြတ်အတန်းတက်၊ အတန်းတင်ပညာရေးမှာ ဘယ်လောက်ပဲ ကြိုးစားဆောင်ရွက်ဆောင်ရွက် ဒီ ၁၀ တန်းဆိုတာကို ဦးတည်ပြီးမှ ၁၀ တန်းမှာ စာမေးပွဲအောင်မှ အလုပ်ဖြစ်မယ်။ မအောင်ရင်အလုပ်မဖြစ်ဘူး။ စာမေးပွဲအောင်မြင်မှုရှိသူကိုသာလျှင် နိုင်ငံတော်ကလည်းချီးမြှောက်တယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဒီနေ့ ကျောင်းသားကျောင်းသူတွေနဲ့ မိဘတွေရဲ့ အခန်းကဏ္ဍဟာဘယ်လိုဖြစ်လာလဲဆိုတော့ စာမေးပွဲသည်သာအဓိက၊ စာမေးပွဲဖြေဆိုနိုင်ရေးသည်သာ အဓိက၊ စာမေးပွဲအောင်မြင်ရေးသည်သာအဓိကဆိုတာတွေပဲ ဖြစ်ပါတယ်။ ဒီလိုပြောတဲ့အတွက် ကျွန်တော်တို့က စာမေးပွဲစနစ်ကို ဆန့်ကျင်တာလည်း မဟုတ်ပါဘူး။ ကန့်ကွက်တာလည်း မဟုတ်ပါဘူး။ စာမေးပွဲ ၁၀၀ ရာခိုင်နှုန်းအပြည့်နဲ့ ဆုံးဖြတ်တာဟာ နိုင်ငံ့ပညာရေး၊ နိုင်ငံတော်ရဲ့ ရည်ရွယ်ချက်၊ အမျိုးသားပညာရေးရဲ့ ရည်ရွယ်ချက်တွေကို ဘယ်လိုမှ အထောက်အပံ့မဖြစ်စေနိုင်တာကို တင်ပြလိုခြင်း ဖြစ်ပါတယ်။ အဓိကကတော့ စာမေးပွဲလွှမ်းမိုးတဲ့ ပညာရေးစနစ်ကို မဖြစ်စေလိုခြင်းဖြစ်ပါတယ်။ ဒီအခါမှာစစ်မေးတဲ့စာမေးပွဲမေးခွန်းအများစုမှာလည်း ကြည့်မယ်ဆိုရင် ဗလငါးတန်ကို ဖွံ့ဖြိုးစေတဲ့ တွေးခေါ်မြော်မြင်မှုပါတဲ့ ပညာသင်ကြားခြင်း၊ တတ်မြောက်မှုစနစ်မဟုတ်ဘဲနဲ့ ပုံနှိပ်စာအုပ်ထဲမှာပါတဲ့ဟာကို

အလွတ်ကျက်ပြီးရင် မေးခွန်းထဲမှာ ပြန်ပြီး ဤသည်မရွေး ပြန်ရေးနိုင်တဲ့ Rote Learning လို့ခေါ်တဲ့ အလွတ်ကျက်ပညာရေးစနစ်ကိုပဲ ဦးတည်ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိဘနဲ့ဆရာ၊ ကျောင်းသားတွေရဲ့ အားလုံးဦးတည်ချက်က စာမေးပွဲအောင်ချက်မြင့်မားရေး၊ စာမေးပွဲအောင်မြင်ရေး၊ စာမေးပွဲမေးခွန်း ကောင်းမွန်စွာဖြေဆိုရေးသာ သူတို့အတွက် အရေးကြီးပါတယ်။ အမှန်တကယ် တွေးခေါ်မျှော်မြင်မှုပါတဲ့ ပညာတတ်မြောက်ရေးဟာ ကျောင်းသားကျောင်းသူမိဘ၊ ဆရာဆရာမ တွေအတွက် အရေးမပါပါဘူး။ အရေးပါတဲ့အခန်းကဏ္ဍမှာလည်း မရှိတော့ပါဘူး။ ဒါကြောင့်မို့လို့ တက္ကသိုလ်ဝင်တန်းမှာမေးလာမယ့် စာမေးပွဲ ဤသည်မလွဲဖြေနိုင်ဖို့အတွက် ဒါကိုပြင်ဆင်နိုင်ရန် သူငယ်တန်းကစပြီး နေ့စဉ်နှင့်အမျှ အိပ်ချိန်မရှိ၊ စားချိန်မရှိ၊ အချိန်တိုင်းအချိန်တိုင်း၊ မိုးလင်မိုးချုပ် ဒီစာကိုပဲအလွတ်ကျက်တဲ့ဟာကိုသာလျှင် ဆောင်ရွက်နေကြရခြင်း ဖြစ်ပါတယ်။ ဒီအတွက် အနစ်နာ ဆုံးကတော့ နိုင်ငံတော်နှင့်မိဘတွေပါပဲ။ နိုင်ငံတော်မှာလည်း တွေးခေါ်မြော်မြင်မှုရှိတဲ့ နိုင်ငံသူ နိုင်ငံသားများကို မွေးထုတ်ပေးနိုင်ခြင်းမရှိသလို နိုင်ငံတော်က ဒီနေ့ အခြေခံပညာကဏ္ဍမှာ ငွေကြေး အကုန်ကျအသက်သာဆုံးဖြစ်အောင် ဆောင်ရွက်နေတဲ့အချိန်မှာ ဒီနေ့ ဒီလိုဟာမျိုးတွေ ဒီစာမေးပွဲ စနစ်ကြောင့်မို့လို့ မိဘတွေဟာ မိမိတို့ရဲ့ချွေးနည်းစာ ရင်းနှီးစားသောက်ရမယ့် ငွေကြေးတွေကို မိမိတို့ရဲ့သားသမီးတွေ ပညာရေးအတွက် မတန်တဆအသုံးပြုလာခြင်းဟာ အရမ်းကိုနစ်နာလှပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၌ အမျိုးသားပညာရေး ဥပဒေမှာ အဓိကရည်ရွယ်တာကတော့ ဘက်စုံအတွေးအခေါ် ယူဆမှုမှန်ကန်ပြီး၊ အကျင့်စာရိတ္တ ကောင်းမွန်တဲ့ နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ရမယ်။ တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်မှုရှိသော အသိဉာဏ်ရှိတဲ့ ဗလငါးတန်ပြည့်စုံ သော နိုင်ငံသားများဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရမယ်လို့ ဆိုလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိသင်ကြားနေတဲ့ ပညာသင်ကြားခြင်းတတ်မြောက်မှု စစ်ဆေးတာဟာ ၁၀၀ ရာခိုင်နှုန်းပြည့် စာမေးပွဲအခြေပြုစစ်ဆေးခြင်းပုံစံ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ ပညာရေးမူဝါဒအရရော၊ အမျိုးသားပညာရေး ဦးတည်ချက်ကိုပါ ဘယ်လိုမှ အထောက်အပံ့မဖြစ်တော့ပါဘူး။ ဒီနေ့နိုင်ငံအတွင်းမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေဖြစ်တဲ့ နိုင်ငံရေးပြဿနာ၊ လူမှုရေးပြဿနာ၊ ဘာသာရေးပြဿနာတွေအားလုံးကို မဖြေရှင်းနိုင်ခြင်းဟာ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတွေအားလုံးဟာ စစ်မှန်ပြီးမှန်ကန်သည့် တည်ငြိမ်တဲ့ပညာရေး အောက်မှာ ကျွန်တော်တို့တစ်တွေ မဖြတ်သန်းခဲ့ရခြင်းကြောင့် ဖြစ်ပါတယ်။ ဒါတွေထဲမှာမှ အခြေခံ

ပညာအဆင့် ပညာသင်ကြားခြင်း၊ တတ်မြောက်မှုစစ်ဆေးတဲ့ပုံစံအလွဲကြောင့်မို့လို့ မြန်မာ့ပညာရေးဟာ ပိုမိုနိမ့်ကျခဲ့ရတယ်လို့ ကျွန်တော်တို့ ခံယူပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်ကချမှတ်ထားတဲ့ ပညာသင်ကြားမှု/သင်ယူမှု တတ်မြောက်ခြင်းစစ်ဆေးရာမှာ ဒီရည်မှန်းချက်ကိုရောက်ရှိတဲ့ စစ်ဆေးမှုမျိုးသာဖြစ်ရပါမယ်။ ကောင်းမွန်မှန်ကန်သောစစ်ဆေးခြင်းပုံစံကသာလျှင် ကောင်းမွန်မှန်ကန်တဲ့ ပညာရေးစနစ်ကို ဦးတည်အကောင်အထည်ဖော်နိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုလည်း မေတ္တာရပ်ခံလိုပါတယ်။ ဒီနေ့ကျွန်တော်တင်သွင်းတဲ့အဆိုဟာ ပြည်သူလူထုနှင့် ပြည်သူလူထုတွေရဲ့အသံ ပြည်သူလူထုဖြစ်ချင်တဲ့ဆန္ဒကို ကျွန်တော်တို့က တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဝန်ကြီးအနေနဲ့လည်း ကျွန်တော်တို့က ပြည်ထောင်စုဝန်ကြီးကို ဖိအားတစ်ရပ်ပေးတယ်လို့ မခံယူစေလိုပါဘူး။ တွန်းအားတစ်ရပ်ပူးပေါင်းပြီးတော့ ပါဝင်ပေးတယ်လို့ပဲ ခံယူပြီးတော့ ကျွန်တော်တို့ တင်သွင်းမယ့်အဆိုကို အောင်မြင်စေရန်အတွက် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာသင်ကြားမှု/သင်ယူမှု တတ်မြောက်ခြင်းစစ်ဆေးရာမှာ မှန်ကန်ခိုင်မာသော မူဝါဒတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန်ကလည်း အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံ ပညာရေးဖြတ်သန်းမှုကို ပြန်ကြည့်မယ်ဆိုရင် ပညာရေးဝန်ကြီးဌာနကို တာဝန်ရှိသူတစ်ဦး ပြောင်းလဲတိုင်း ပုံစံတစ်မျိုး၊ မူဝါဒတစ်မျိုး ပြောင်းပြောင်းသွားပါတယ်။ လက်ရှိကျင့်သုံးနေတဲ့မူဝါဒကို ဖယ်ရှားဖျောက်ဖျက်ဖြစ်တာ၊ မေ့မှိန်ပျက်ပြယ်တာတွေလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ ဥပမာပြောရမယ်ဆိုလို့ရှိရင် စာမေးပွဲလုံးဝ မကျင်းပဘဲနေလိုက်၊ စဉ်ဆက်မပြတ် အကဲဖြတ်အတန်းတင်စနစ်တွေလုပ်လိုက်၊ လေးတန်းစာမေးပွဲစစ်လိုက်မစစ်ဘူးပြောလိုက်၊ ရှစ်တန်းစစ်မယ်ပြောလိုက် မစစ်ဘူးပြောလိုက်၊ နောက်ဆက်တွဲစာမေးပွဲလုပ်မယ်ပြောလိုက် မလုပ်ဘူးပြောလိုက်၊ ပြန်လည်ကုစားမယ်ပြောလိုက် မကုစားမယ်ပြောလိုက် တိကျတဲ့မူဝါဒမရှိဘဲနဲ့ ဆောင်ရွက်နေတဲ့အတွက်ကြောင့် တည်ငြိမ်တဲ့ပညာရေးစနစ်တစ်ခုမဟုတ်ဘူးဆိုတာလည်း ပေါ်လွင်စေပါတယ်။ ဒါကြောင့်မို့လို့ တည်ငြိမ်တဲ့ပညာရေးစနစ်ကသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ငြိမ်တဲ့ပညာရေးစနစ်တစ်ခုကို မိဘနဲ့ ကျောင်းသားတွေက ဘယ်သူမှ အယုံအကြည်မရှိတော့ပါဘူး။ ဒီနေ့ဖြစ်နေတဲ့ပြဿနာဒါပါပဲ။ ဒီဟာကို အများဆုံးခံရတာ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှာရှိတဲ့ ဆရာဆရာမတွေကို မူဝါဒခိုင်ခိုင်မာမာမတည်ဆောက်နိုင်ဘဲနဲ့ အမိန့်၊

ညွှန်ကြားချက်၊ လမ်းညွှန်ချက်တွေနဲ့ပဲ အပြောင်းအလဲတွေများတဲ့အတွက်ကြောင့် မိဘပြည်သူများနဲ့ ကျောင်းသားကျောင်းသူများက ဆရာဆရာမများအပေါ်မှာ ယုံကြည်မှုကင်းမဲ့လာပါတယ်။ ဒီလို ယုံကြည်မှုကင်းမဲ့လာခြင်းဟာ ပညာရေးနိမ့်ကျခြင်းပါ။ ပညာရေးနိမ့်ကျခြင်းဟာ တိုင်းပြည်အထွေထွေ နိမ့်ကျခြင်းကို အစပြုတာလို့ ကျွန်တော်ကတော့ ယုံကြည်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)** ။ ။ ဒါကြောင့်ကျွန်တော့်ရဲ့အဆိုဖြစ်တဲ့ နိုင်ငံတော်၏ချမှတ်ထားသော ပညာရေးမူဝါဒနှင့် ဦးတည်ချက်များကို အောင်မြင်စွာအကောင်အထည် ဖော်နိုင်ရန် အခြေခံပညာအဆင့်ပညာသင်ကြားခြင်း၊ တတ်မြောက်မှုစစ်ဆေးရန်အတွက် ခိုင်မာ မှန်ကန်သော မူဝါဒတစ်ရပ်ရေးဆွဲပေးပါရန်နှင့် ပညာရေးဝန်ကြီးဌာနအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာလှမိုး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မဲဆန္ဒနယ်က ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဒေါက်တာလှမိုးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒေါက်တာလှမိုးရဲ့အဆိုမှာ အဓိကအချက်နှစ်ချက် ပါဝင်တာတွေ့ရပါတယ်။ ပထမအချက်ကတော့ အခြေခံပညာရေးမှာ သင်ကြားသင်ယူမှု ပညာရည်စစ်ဆေးတိုင်းတာခြင်း အကဲဖြတ်မှုပုံစံအတွက် မှန်ကန်သောမူဝါဒတစ်ရပ် ချမှတ်ပေးရမှာဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ အဲဒီမှန်ကန်စွာချမှတ် ထားသော မူဝါဒကို ခိုင်ခိုင်မာမာကျင့်သုံးပေးရမည်ဖြစ်ပါတယ်။ မှန်ပါတယ်ခင်ဗျား။ အဆိုရှင် တင်ပြ သလိုပါပဲ။ ကျွန်တော်တို့နိုင်ငံရဲ့ပညာရေး ဦးတည်ချက်ကတော့ ကျောင်းသားကျောင်းသူလူငယ်တိုင်း တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်ပြီး အသိဉာဏ်ကြွယ်ဝရမယ့် ဗလငါးတန်ဖွံ့ဖြိုးရေးဆိုတာပါပဲ။ ဒါပေမယ့် မြန်မာပြည်ရဲ့ပညာရေးစနစ်ဟာ Critical Thinking, Lateral Thinking ဆိုတဲ့ ကျိုးကြောင်းဆင်ခြင်တွေးနိုင်တဲ့၊ ဆင့်ပွားတွေးနိုင်တဲ့ သင်ကြားသင်ယူမှုတွေနဲ့ ကင်းဝေးလာခဲ့တာ

နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ ဒီလိုဖြစ်လာရတဲ့အကြောင်းအရင်းကလည်း ကျွန်တော်တို့နိုင်ငံပညာရေးမှာ ကျင့်သုံးခဲ့တဲ့ သင်ကြားသင်ယူမှုစစ်ဆေးခြင်းအလွဲကြောင့်ဖြစ်တယ်ဆိုတာ လေ့လာသုံးသပ်မိပါတယ်။ ဆရာဆရာမများ ကျောင်းသားကျောင်းသူများကို ပြဋ္ဌာန်းစာအုပ်များနှင့် တုပ်နှောင်ထားပြီးတော့ ဒါသင်၊ ဒါကျက်၊ ဒါမေး၊ ဒါဖြေ၊ အလွတ်ကျက်၊ အလွတ်ရေး အမှတ်ပေး ဆုံးဖြတ်တဲ့စနစ်ကြောင့်ဖြစ်ပါတယ်။ ဆရာဆရာမများကလည်း အဖြေလွှာများကို စစ်ဆေးရာမှာ ပြဋ္ဌာန်းစာအုပ်ပါအကြောင်းအရာများနှင့် တိုက်ဆိုင်စစ်ဆေးရတဲ့ တိုက်စစ်မှုများသာ ဖြစ်နေပါတယ်။ အမှတ်များများရဖို့၊ အဆင့်ကောင်းရဖို့ ကျောင်းပြီးကျူရှင်၊ ကျူရှင်ပြီးကျောင်း ဒီလိုနဲ့စာတွေကို အချိန်ရှိသရွေ့အလွတ်ကျက်မှတ်နေရလို့ ဗလငါးတန်ဖွံ့ဖြိုးရေးဆိုတာ ဝေးကွာခဲ့ရပါတယ်။ ဘယ်လိုမှလည်းမဖြစ်နိုင်တော့ပါဘူး။ ဒီ့ထက်ပိုဆိုးတာကတော့ ၁၀ တန်းအောင်တယ်၊ ဘွဲ့ရတယ်။ ဒါပေမယ့် တီထွင်ဖန်တီးတတ်စေဖို့၊ ကျိုးကြောင်းဆက်စပ်တွေးတောတတ်စေဖို့ လေ့ကျင့်သင်ကြားပေးခြင်းမခံရတဲ့အတွက် တွေးလည်းမတွေးတတ်တော့ဘူး။ တွေးစရာလည်းမလိုတော့ဘူး။ အဲဒီအခါ ဘာဖြစ်လာလဲဆိုတော့ မတွေးတောတတ်လို့ ပြဿနာတွေ ဖြေရှင်းနိုင်စွမ်းမှာလည်း အားနည်းလာပါတယ်။ အသစ်တီထွင်လိုစိတ်၊ ဖန်တီးလိုစိတ်များ ပျောက်ကွယ်သွားပြီးတော့ လူ့စွမ်းအားအရင်းအမြစ်တွေ ကျဆင်းလာပါတယ်။ ဒါကြောင့် လက်ရှိကျင့်သုံးနေတဲ့၊ လွဲမှားနေတဲ့ သင်ကြားသင်ယူမှုစနစ်နဲ့ အကဲဖြတ်စစ်ဆေးခြင်း စာမေးပွဲပုံစံများကို ပြန်လည်သုံးသပ်ပြီးတော့ မူဝါဒတစ်ရပ်အသစ်ရေးဆွဲဖို့ အမြန်လိုအပ်နေပြီလို့ ထင်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ လက်ရှိကျင့်သုံးနေတဲ့ သင်ကြားသင်ယူမှုနှင့် အကဲဖြတ်စစ်ဆေးပုံစံဟာ ဒေါက်တာလှမိုးတင်ပြသွားသလိုပါပဲ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပညာရေးရည်မှန်းချက်နဲ့ရော၊ အမျိုးသားပညာရေးဥပဒေပါ ပညာရေးဦးတည်ချက်များကို လုံးဝအကောင်အထည်ဖော်နိုင်ခြင်းမရှိဘူးဆိုတာ ထင်ရှားပေါ်လွင်ပါတယ်။ ဒါကြောင့် အဆိုရှင်တင်ပြတဲ့ ပထမအချက်ဖြစ်တဲ့ ပညာရေးမှာသင်ကြားသင်ယူမှု ပညာရည်အကဲဖြတ်စစ်ဆေးခြင်းနှင့်ပတ်သက်ပြီး အခြေခံပညာအဆင့်အလိုက် မှန်ကန်သောမူဝါဒတစ်ရပ်ချမှတ်ပေးဖို့ အမှန်တကယ်လိုအပ်နေကြောင်းထင်ရှားပါတယ်။

ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင် ဒေါက်တာလှမိုးတင်ပြသွားတဲ့ ဒုတိယအချက်ကတော့ ချမှတ်ထားသောပညာရေးမူဝါဒများကို ခိုင်ခိုင်မာမာကျင့်သုံးရေးပဲဖြစ်ပါတယ်။ အဆိုရှင်တင်ပြသွားသလို ပညာရေးဝန်ကြီးဌာနမှာ ဝန်ကြီးတစ်ယောက်ပြောင်းသွားတိုင်း မူဝါဒစနစ်တစ်မျိုး

ပြောင်းလဲသလိုဖြစ်နေပါတယ်။ ကျောင်းသားကျောင်းသူလူငယ်တွေဟာ ခေတ်ခွဲခန်းထဲကဖားသူငယ်လို အစမ်းသပ်ခံဖြစ်နေပါတယ်။ အဲဒီအခါ ဘာဖြစ်လာသလဲဆိုတော့ နိုင်ငံတော်အစိုးရနဲ့ပညာရေးဝန်ကြီးဌာနကို အထင်အမြင်သေးစေပါတယ်။ ဂုဏ်သိက္ခာကျဆင်းစေပါတယ်။ ဆရာဆရာမတွေလည်း အခက်အခဲတွေနဲ့ရင်ဆိုင်ကြရပါတယ်။ နောက်ဆုံးရလဒ်ကတော့ ပညာရေးအဆင့်အတန်းနိမ့်ကျသွားခြင်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်များခင်ဗျား။ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပထမပညာရေးကောင်းဖို့လိုပါတယ်။ ရေမြင့်မှကြာမြင့်မယ်ဆိုသလိုပါပဲ။ ပညာရေးကိုမြှင့်တင်နိုင်ပါမှ တိုင်းပြည်နှင့်လူမျိုးမြင့်မားအောင် ကြံဆောင်နိုင်မှာဖြစ်ပါတယ်။ သယံဇာတနည်းပါးသော်လည်း လူသားအရင်းအမြစ်များကို ပညာရည်မြင့်မားတိုးတက်အောင် လုပ်ဆောင်ပေးနိုင်လို့ တိုးတက်ဖွံ့ဖြိုးနေတဲ့ကမ္ဘာ့နိုင်ငံအသီးသီးကို သက်သေပြနိုင်ပါတယ်။ ဒါ့ကြောင့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတည်ဆောက်ဖို့ ပညာရေးမူဝါဒများချမှတ်ရာမှာ မှန်ကန်မှုရှိဖို့လိုသလို အဲဒီမူကိုလည်း ခိုင်ခိုင်မာမာကျင့်သုံးရန် အထူးလိုအပ်ပါတယ်။ ဒါ့အပြင် ဆရာဆရာမတွေနဲ့ ကျောင်းသားကျောင်းသူများကိုလည်း ချမှတ်ထားတဲ့ပညာရေးမူဝါဒများနှင့်အညီ စနစ်တကျ လေ့ကျင့်သင်ကြား၊ သင်ယူဖို့လိုပါတယ်။ ဒါမှသာလျှင် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံထူထောင်ရေးဆိုတဲ့အိမ်မက်ကို မက်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံပညာရေးတိုးတက်ဖို့အတွက် အရေးပါတဲ့သင်ကြားသင်ယူမှု ပညာရည်စစ်ဆေးတိုင်းတာခြင်းအကဲဖြတ်ပုံစံအတွက် မှန်ကန်သောမူဝါဒတစ်ရပ်ချမှတ်ပြီး အဲဒီမူဝါဒကို ခိုင်ခိုင်မာမာကျင့်သုံးသင့်ပြီဖြစ်ပါကြောင်း ဆွေးနွေးရင်း ဒေါက်တာလှမိုးရဲ့အဆိုကို အလေးအနက်ထောက်ခံရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာဦးလှမိုးတင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)

နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါက်တာလှမိုးတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံတော်၏ ချမှတ်ထားသောပညာရေးမူဝါဒနှင့် ဦးတည်ချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အထောက်အပံ့ဖြစ်စေသော အခြေခံပညာအဆင့် သင်ကြားသင်ယူမှု ပညာရည်စစ်ဆေးတိုင်းတာခြင်း အကဲဖြတ်မှုပုံစံအတွက် မှန်ကန်သောမူဝါဒတစ်ရပ် ချမှတ်ပေးပါရန်နှင့် ခိုင်ခိုင်မာမာကျင့်သုံးပေးပါရန် ပညာရေးဝန်ကြီးဌာနအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၉-၈-၂၀၁၆ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**